အမျိုးသားကျန်းမာရေးကော်မတီ (မြန်မာနိုင်ငံ)
National Health Committee (Burma/Myanmar)
info@nhcmyanmar.org

## သတင်းထုတ်ပြန်ချက် (၅/၂၀၂၁)

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်

# ဖက်ဒရယ်ကျန်းမာရေးပညာရှင်များကောင်စီ ဖွဲ့စည်းခြင်း

၁။ နွေဦးတော်လှန်ရေး ဆင်နွှဲလျက်ရှိသော တော်လှန်ရေးကြားကာလ (Interim period) အတွင်း နှင့် တော်လှန်ရေးအောင်မြင်ပြီး အသွင်ကူးပြောင်းရေးကာလ (Transition period) တွင် ကျန်းမာရေးပညာရှင် လုပ်သားအင်အားစုများအားလုံး၏ အကျိုးစီးပွားကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် ဖော်ဆောင်ပေးမည့် ဖက်ဒရယ်ကျန်းမာရေးပညာရှင်များကောင်စီ (Federal Health Professional Council - FHPC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

၁။ ဒေါက်တာခင်မောင်လွင်

၂။ ဒေါက်တာခင်စောဝင်း

၃။ ဒေါက်တာဆလိုင်းပါကျင်

၄။ ဒေါက်တာမြင့်ချို

၅။ ဒေါက်တာစင်သီယာမောင်

၆။ ဆရာစောလားဆာ

၇။ ဆရာစောနေထူး

၈။ ရှမ်းကျန်းမာရေးအဖွဲ့မှ တစ်ဦး

၉။ ချင်းကျန်းမာရေးအဖွဲ့မှ တစ်ဦး

၁၀။ ကချင်ကျန်းမာရေးအဖွဲ့မှ တစ်ဦး

၁၁။ ရခိုင်ကျန်းမာရေးအဖွဲ့မှ တစ်ဦး

၁၂။ ဒေါက်တာနိုင်ရွှေသိန်း

၁၃။ ဆရာခူးပလူးရယ်

၁၄။ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ

၁၅။ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားပြုသူများ

၁၆။ အခြား ပါဝင်သင့်ပါဝင်ထိုက်သူများ

မှတ်ချက် ။ ။ အဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းသွားပါမည်။

၂။ ဖက်ဒရယ်ကျန်းမာရေးပညာရှင်များကောင်စီ ၏ ရည်ရွယ်ချက်များမှာ -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုအားလုံး တစ်ပြေးညီ ခံစားခွင့် ရရှိကြစေရန်၊

(ခ) ကျန်းမာရေးပညာရှင် လုပ်သားအင်အားစုများအားလုံး၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်းအသွေးနှင့် အဆင့်အတန်းကို အသိအမှတ်ပြုပြီး အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ရန်၊

(ဂ) တိုင်းရင်းသားဒေသအသီးသီးတွင် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေသော လုပ်သားအင်အားစုများကို အသိအမှတ်ပြုရန်၊ ဖွင့်လှစ်ဆောင်ရွက်နေသော ကျန်းမာရေးသင်တန်းအသီးသီးတို့၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးလုပ်သားအင်အားစုအတွင်း ဆေးပညာရပ်ဆိုင်ရာ တိုးတက်မှုများကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်ရေးနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရေး စသည်တို့ကို ကြပ်မတ်ထိန်းသိမ်းရန်၊

(င) ကျန်းမာရေးလုပ်သားအင်အားစုများ ရရှိခဲ့သည့် ဘွဲ့ဒီဂရီအလိုက် အသိအမှတ်ပြုလက်မှတ်များ၊ ထောက်ခံချက်များ၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃။ ဖက်ဒရယ်ကျန်းမာရေးပညာရှင်များကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလများအတွင်း အောက်ပါလုပ်ငန်းဆောင်တာများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ဆေးပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများက မွေးထုတ်ပေးလိုက်သော အင်အားစုများအား အသိအမှတ်ပြုလိုင်စင်ထုတ်ပေးရေး၊

(ခ) ကျန်းမာရေးလုပ်သားအင်အားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရေး၊

(ဂ) ကျန်းမာရေးလုပ်သားအင်အားစုများ၏ နစ်နာမှုများကို ကြားနာစစ်ဆေးပြီး ခုခံကာကွယ်ပေးရေး၊ ကျင့်ဝတ်သိက္ခာများ လိုက်နာထိန်းသိမ်းရန် ပျက်ကွက်မှုများနှင့်စပ်လျဉ်း၍ ပြုပြင်တည့်မတ်ပေးရေးနှင့် သင့်တင့်လျောက်ပတ်သည့် အရေးယူမှုများ ဆောင်ရွက်ရေး၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို လုံခြုံစိတ်ချမှုရှိစေရန် လိုအပ်သော စံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ရန် ကူညီကြီးကြပ်ပေးရေး၊

(င) တိုင်းရင်းသားလူမျိုးစုအားလုံးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန် သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများအားလုံးနှင့် ဆွေးနွေးတိုင်ပင်ရေး၊ အကြံဉာဏ်များ ညှိနှိုင်းဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး။


**အမျိုးသားကျန်းမာရေးကော်မတီ (NHC)**

https://nhcmyanmar.org/

https://facebook.com/nhcmm/

Email: info@nhcmyanmar.org